**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ။**

**[၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေအမှတ် ၁။]**

**၁၃၁၄ ခုနှစ်၊ နှောင်းတန်းခူးလပြည့်ကျော် ၁၂ ရက်။**

**(၁၉၅၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွက် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်း။

၁။ ။ ကရင်ပြည်နယ်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ ကရင်ပြည်နယ်၏အခွန်တော်များမှ စုစုပေါင်း ကျပ်ငွေ ၂၂,၉၆,၁၀၀ (ဤအက်ဥပဒေဇယားတွင် ဖေါ်ပြထားသည်) ကို ထုတ်၍၊ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံး စွဲနိုင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၄ ခုနှစ်၊ နှောင်းတန်းခူးလပြည့်ကျော် ၁၂ ရက်။

(၁၉၅၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတကြီး၏အတွင်းဝန်။

[အမှတ် ၄၄]

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား။ (ပုဒ်မ ၁ ကိုကြည့်။)